
ကဒ္ဓေတာင်
ဝိညျံ

## စုန်းမ အပိုင်း(၂)
## တစ္ဆေထောင်

ကျွန်တော့်နာမည်က ဝီလျှံပါ။ ကျွန်တော့်စာတွေကို ခင်ဗျား ဖတ်ဖူးရင်လည်း ဖတ်ဖူးမယ်။ မဖတ်ဖူးရင်လည်း မဖတ်ဖူးလောက် ဘူးပေါ့ဗျာ။ မဖတ်ဖူးသေးတဲ့ လူတွေအတွက် ကျွန်တော့်ကို ကျွန်တော် ပြန်မိတ်ဆက်တာပါ။

ဒီတစ်ပုဒ်ကတော့ ယခင် စာခြောက်ရုပ်ရဲ့ အဆက်ပါ။ ကျွန်တော့်ကို မဖဲဝါ ပေးလိုက်တဲ့ ပုလင်းက ခရမ်းရောင် အငွေ့တွေ ဖုံးသွားပြီးတဲ့နောက်မှာ ကျွန်တော် ရွာသာယာကို ပြန်ရောက် သွားတယ်ဗျ။

အဲဒီတော့ ဘာတွေဖြစ်လို့ ဖြစ်သွားမှန်းကို မသိလိုက်တာ ပါဗျာ။ ဒီရက်ပိုင်းမှာ တော့ ကျွန်တော် မဖဲဝါကို ဘယ်လိုပဲ ဆင့်ခေါ်ခေါ် မလာတော့ဘူးဗျ။

ကျွန်တော်လည်း နည်းနည်း စိတ်ပူလာတာပေါ့။ ဒါပေမဲ့ ကျွန်တော် ဘာလုပ်နိုင်မှာ လဲ။ တစ်ရက်မှာ တော့ ဇာတ်လမ်းက ပြန်စလာရောဗျို့။ ဆရာအောင် ဆိုတဲ့ အထက်လမ်း ဆရာကြီး တစ်ယောက် ရွာသာယာကို လာတာဗျ။

သူ့ကို ဘာကိစ္စ လာတာလဲ မေးကြည့်တော့ မောင်ဝီလျှံကို လာရှာတာ ဆိုပဲ။ ဒါနဲ့ ကျွန်တော်လည်း အဲဒီ ဆရာကြီးကို သွားတွေ့တာ ပေါ့

ဗျာ။

"ဆရာကြီး ကျွန်တော့်ကို ခေါ်ခိုင်းတယ် ဆိုလို့ ပါ"

ဆရာအောင်က ကျွန်တော့်ကို တစ်ချက် ကြည့်လိုက်ပြီး ...

"မောင် ဝီလျှံ ဆိုတာလား"

"ဟုတ်ပါတယ်"

"ဟားဟား ... ဟား မင်းက ဗမာ သဘာဝလွန် ဖြစ်ရပ်တွေ တင်မက ပဲ သူများ နိုင်ငံက ဖြစ်ရပ်တွေ ကိုပါ ဝင်မွှေထားတဲ့ လူပဲ"

"ဟား ဟား ဟား"

ဆရာကြီး ပြောတော့ ကျွန်တော်ပါ ဝင်ရယ်လိုက်တယ်ဗျ။

"ဒါနဲ့ ဘာကြောင့် ကျွန်တော့်ကို ရှာရတာလဲဗျ"

"အေး အထက်ရဲ့ ပြောကြားချက် အရ ဒေါ်အိုဇာ ဆိုတဲ့ စုန်းမ လက် ထဲက မင်းနဲ့ မဖဲဝါ တို့ ကို ကယ်တင်ဖို့ လာတာပဲ ဖြစ်တယ်ကွဲ့"

"ဗျာ အဲဒါဆို ဆရာကြီးက အခု မဖဲဝါ ဘယ်မှာ လဲ ဆိုတာ သိတယ် ပေါ့"

"သိတယ်ကွဲ့"

"အဲဒါဆို မဖဲဝါက အခုဘယ်မှာ လဲ ဆရာကြီး"

"တစ္ဆေထောင်လို့ ခေါ်တဲ့ ပရအကျဉ်းထောင် တစ်ခုမှာ ပဲကွဲ့"

"ဗျာ"

"ကဲ သွားကြရအောင်"

"တစ္ဆေထောင် ကိုလား ဆရာကြီး"

"အင်း ဒေါ်အိုဇာရဲ့ ဂူထဲကနေ သွားမှ ရမယ်"

အဲဒီလို ပြောပြီး ဆရာကြီးက ကျွန်တော့်ကို ဆွဲခေါ်သွားတယ်ဗျ။ သူ ကျွန်တော့်ကို ခေါ်သွားတာက ရွာပြင်ကို ထွက်တဲ့ လမ်း အတိုင်းပဲဗျ။

ဩော် လက်စသတ်တော့ သူကျွန်တော့်ကို ခေါ်သွားတဲ့ နေရာက တစ်ညတုန်းက ကျွန်တော်ရယ် မဖဲဝါရယ်နဲ့ ဒေါ်အိုဇာကြီးတို့ ပွဲကြမ်းခဲ့တဲ့ ရွာပြင် သင်္ချိုင်းနားက ဒေါ်အိုဇာရဲ့ ယာခင်းကြီးပဲဗျ။ အပင်တော့ မရှိပါဘူး။

ဆရာကြီးက အဲဒီနေရာ ရောက်တော့ရပ်ပြီး

"မောင်ဝီလျှံ မင်းဒီနေရာကို ရောက်ဖူးတယ် မဟုတ်လား"

ကျွန်တော်က တစ်ချက် ပြုံးပြလိုက်တယ်။ ပြီးတာနဲ့ ဆရာကြီးက ဂါထာတစ်ခုကို တိုးတိုးလေး ရွတ်လိုက်တယ်ဗျ။

ဝုန်း

"ဟာ"

ကျွန်တော့်လို အထူးအဆန်းတွေ အမြဲမြင်ဖူးနေတဲ့ ကောင်တော့ ဟာခနဲ အော်ပြီး မျက်လုံးပြူး မျက်ဆံပြူး ဖြစ်သွားပြီ။

အံ့သြရင်လည်း အံ့သြစရာပါပဲ။ ဒေါ်အိုဇာရဲ့ ယာခင်းကြီး ကနေ ဂူကြီးတစ်ဂူ ပြောင်းသွားတာဗျာ။ ကျွန်တော်ဖြင့် ကိုယ့်မျက်စိ ကိုယ်တောင် မယုံနိုင်ဘူး။

"မောင်ဝီလျှံရေ ဒေါ်အိုဇာက စုန်းဘုရင် အေဝကို ပူဇော်နေတယ်။ သူ့အစွမ်းတွေ ပိုထက်အောင် ပေါ့ကွာ။ ငါတို့ က ဒီအချိန်ကို အကျိုးရှိအောင် အသုံးချရမယ်။ လာ ဂူထဲ ဝင်ရအောင်"

ဆရာကြီးက ဝင်သွားတော့ ကျွန်တော်လည်း လိုက်ဝင်တာ ပေါ့ဗျာ။ ဂူကြီးက မှောင်မည်း နေတာဗျ။ ကျွန်တော်က မန္တန်တစ်ခု ရွတ်ပြီး လက်ပေါ်မှာ မီးတောက်အောင် လုပ်လိုက်တယ်။ ဆရာကြီးက ကျွန်တော့်ကို တစ်ချက် လှည့်ကြည့်တယ်ဗျ။ ပြီးမှ အရှေ့ကို ဆက်လျှောက်သွားတာ။ ရုတ်တရက် ဂူနံရံမှာ နီရဲနေတဲ့ ပတ္တမြားကြီးကို တွေ့ရတယ်။